# ရွေးကောက်ခံလွှတ်တော်အမတ်များ၏ အသက် Analysis

**အမျိုးသားလွှတ်တော် (အထက်လွှတ်တော်ပါလီမန်)**
အမျိုးသားလွှတ်တော်(အထက်လွှတ်တော်ပါလီမန်) ကိုယ်စားပြုကိုယ်စားလှယ် (၂၂၄) ဦးရှိသည့်အနက် **(၁၆၈)ဦး** မှာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင်ရွေးချယ်ခံရသည့် ကိုယ်စားလှယ်များဖြစ်ပြီး ကျန်လွှတ်တော်ကိုယ်စားလှယ် (၅၆)ဦးမှာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်မှ ရွေးချယ်ခန့်အပ်ထားသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြစ်ပါသည်။

**ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်ပါလီမန်)**
ပြည်သူ့လွှတ်တော်တွင် ကိုယ်စားပြုကိုယ်စားလှယ် ၄၃၃ဦး ရှိသည်။ ပြည်သူ ့ လွှတ်တော်မဲဆန္ဒနယ်များသည် မြန်မာနိုင်ငံရှိ မြို့နယ်အရေအတွက်(၃၃၀)ကို အခြေခံသော်လည်း ဒေသတွင်းငြိမ်းချမ်းရေး အခြေအနေကြောင့် ရှမ်းပြည်နယ်ရှိ မြို့နယ် (၇) မြို့နယ်(ကျေးသီး၊ မိုင်းရှူး၊ မိုင်းမန်၊ ပန်ဆန်း၊ ပန်ဝိုင်း၊ မိုင်းလား၊ နားဖန့်) တွင်မကျင်းပနိုင်ခဲ့ခြင်းကြောင့် မြို့နယ် (၃၂၃)အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် **(၃၂၃)ဦး** ရွေးချယ်ခဲ့သည်။ကျန်ရှိသော ၂၅ရာခိုင်နှုန်း လွှတ်တော် ကိုယ်စားပြု ကိုယ်စားလှယ်များမှာ တပ်မတော်သား ကိုယ်စားလှယ် (၁၁၀) ဦးတို့ဖြစ်ပါသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်**
တိုင်းဒေသကြီး နှင့် ပြည်နယ်တွင် ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ၈၅၀ ရှိပါသည်။ တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်အတွက် မြို့နယ်ကိုအခြေခံ၍ တစ်မြို့နယ်လျှင်မဲဆန္ဒနယ် ၂ခုခွဲ၍ ဆောင်ရွက်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးတွင် ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် **၆၃၀ ဦး** ရှိပြီး ၄င်းတို့တွင် ဒေသမငြိမ်းခြင်းကြောင့် မကျင်းပနိုင်ခဲ့သည့် ရှမ်းပြည်နယ်ရှိမြို့နယ်(၇)နေရာအတွက် ကိုယ်စားပြု(၁၄)ဦးနှင့် တိုင်းဒေသကြီးမဲဆန္ဒနယ်အဖြစ်သတ်မှတ်မထားသည့် နေပြည်တော်ပြည်ထောင်စုနယ်မြေ (၈)မြို့နယ်အတွက် ကိုယ်စားပြု (၁၆)ဦး စသည့် စုစုပေါင်း မဲဆန္ဒနယ် (၃၀)မှာမပါဝင်ပါ။

**တိုင်းရင်းသားရေးရာဝန်ကြီးများ**
၂၀၁၅အထွေထွေရွေးကောက်ပွဲတွင်ရွေးချယ်ခံ တိုင်းရင်းသား ရေးရာ ဝန်ကြီး စုစုပေါင်း (၂၉) ဦးရှိသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၀.၁ရာခိုင်နှုန်းသို့မဟုတ် ၀.၁ ရာခိုင်နှုန်းထက်များသည့် သက်ဆိုင်ရာတိုင်းရင်းသား လူမျိုးများနေထိုင်သော တိုင်းဒေသကြီး နှင့်ပြည်နယ်များတွင်သာ ၄င်းတိုင်းရင်းသားရေးရာဝန်ကြီးများကို ရွေးကောက်ခြင်းဖြစ်သည်။

**ကိုယ်စားလှယ်လောင်းတစ်ဦးအတွက်လိုအပ်ချက်**
ကိုယ်စားလှယ်တစ်ဦးအဖြစ်ဆောင်ရွက်ရန် ထိုသူသည်မြန်မာနိုင်ငံသားမိဘနှစ်ပါးမှမွေးဖွား သူမြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး ၊ မြန်မာနိုင်ငံတွင်အနည်းဆုံး

၁၀နှစ်အထိဆက်တိုက်နေထိုင်သူ ၊ မဲပေးခွင့်ရှိသူ ဖြစ်ရမည်။ အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်တစ်ဦးသည်လျှောက်လွှာတင်သည့် နေ့တွင်အနည်းဆုံး အသက် (၃၀) နှစ်ဖြစ်ရမည် ဖြစ်ပြီး၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် လျှောက်လွှာ တင်သည့်နေ့တွင် အသက် (၂၅) နှစ်ပြည့်ပြီးဖြစ်ရမည်။

## Data ရင်းမြစ်

၁)
http://www.ifes.org/sites/default/files/ifes_2015_myanmar_election_fact_sheet_final.pdf

၂)
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ခံကိုယ်စားလှယ်များ၏ ကိုယ်ရေးအကျဉ်းအချက်အလက်များကို ရွေးကောက်ပွဲများ နှင့် မြန်မာနိုင်ငံ ဒီမို ကရေစီနှင့် ဆိုင်သော အုပ်ချုပ်မှုစနစ်များနှင့်ပါတ်သက်၍ ကူညီထောက်ပံ့ပေးနေသော Asia Foundation အဖွဲ့သို့ရယူခွင့်ပေးခဲ့ပါသည်။ The Asia Foundation အနေနှင့်ရရှိထားသော ကိုယ်စားလှယ်များ၏ ကိုယ်ရေးအကျဉ်းဒေတာအချက်အလက်များ ကိုMicrosoft Excel တွင် မြန်မာယူနီကုတ် ၃ ဖြင့်ဖြည့်သွင်းပါသည်။ The Asia Foundation ထံမှ ၄င်းအချက်အလက်များကို EMReF (ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း) မှ ဒီဇင်ဘာလ ၂၀၁၅တွင်လက်ခံရရှိခဲ့ပါသည်။ ထိုအချက်အလက်များထဲတွင် တပ်မတော်သားကိုယ်စားလှယ်များ၏ ကိုယ်ရေးအကျဉ်းအချက်အလက်များမပါဝင်ပါ။

၃) EMRef (ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း) သည် ရရှိထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးအကျဉ်းကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပါသည်။ data အချက်အလက်များ စစ်ဆေးခြင်းကို အဆင်ဆင့်လုပ်ဆောင်ပြီး ရွေးကောက်ပွဲ ကော်မရှင်၏ dataအချက်အလက်များနှင့်ကိုက်ညီမှုရှိမရှိတိုက်၍စစ်ပါသည်။


## Data ပြင်ဆင်မှု


လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးအကျဉ်းတွင် မွေးနေ့၊ဘာသာ၊ လူမျိုး၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်၊ ပညာအရည်အချင်း၊ အဖေနာမည်၊ အဖေကိုးကွယ်းသည့် ဘာသာ၊ အဖေ၏ လူမျိုး ၊ အမေနာမည်၊ အမေကိုးကွယ်သည့်ဘာသာ ၊ အမေ၏ လူမျိုး တို့ပါဝင်ပါသည်။

ကိုယ်ရေးအချက်အလက်တွင် ဖြည့်သွင်းထားသောမွေးနေ့ကို ၂၀၁၆ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရှိသည့် အသက် အဖြစ် ပြောင်းလဲတွက်ချက်ထားပါသည်။ လွှတ်တော် အသီးသီးရှိအမတ်များ၏ လွှတ်တော် စတင်သည့်ရက် ကွဲပြားချက်ရှိသော်လည်း ၄င်းနေ့ကို

လွှတ်တော်အမတ်များအားလုံး၏ရုံးစတင်သည့်နေ ဟုသတ်မှတ်ကာ တွက်ချက်ခြင်းဖြစ်ပါသည်။

## တွေ့ရှိချက်





ရွေးချယ်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၆၈) ဦးတွင် ပျမ်းမျှအသက်အားဖြင့် (၅၃) နှစ် နှင့် အငယ်ဆုံးအသက်မှာ (၃၀) နှစ် ဖြစ်ပြီး အကြီးဆုံးအသက်မှာ (၇၅) နှစ် ဖြစ်သည်ကို တွေ့ရပါသည်။ လွှတ်တော်ကိုယ်စားလှယ်အများစု၏ (၇၃) ရာခိုင်နှုန်းမှာ အသက် (၄၆)နှစ်နှင့် အထက်ဖြစ်ကြသည်။

ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ပျမ်းမျှအသက်မှာ (၅၄) နှစ် ဖြစ်ပါသည်။ အငယ်ဆုံး အသက်မှာ (၂၆)နှစ် နှင့် အကြီးဆုံးအသက်မှာ (၈၁)နှစ် ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ (၅၀) ရာခိုင်နှုန်းနီးပါးမှာ အသက် (၅၅)နှစ် အထက်ဖြစ်ပါသည်။

တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ပျမ်းမျှအသက်မှာ (၅၀) နှစ် ဖြစ်ပြီး အငယ်ဆုံးအသက် (၂၆)နှစ်နှင့် အကြီးဆုံးအသက် (၇၄)နှစ်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၃ပုံ၂ပုံ ခန့်(၆၃)ရာခိုင်နှုန်းမှာ (၄၆)နှစ် နှင့် (၄၆) နှစ်အထက်ဖြစ်ပါသည်။




**လွှတ်တော်သုံးရပ် ။** ။ လွှတ်တော်သုံးရပ် ရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ ပျှမ်းမျှအသက်မှာ (၅၁) နှစ် [အမျိုးသား (၅၂) နှစ်၊ အမျိုးသမီး (၄၇)နှစ်] ဖြစ်သည်။ အသက်များကိုနှိုင်းယှဉ်ကြည့်ရာတွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိလွှတ်တော်ကိုယ်စားလှယ်များ၏ ပျှမ်းမျှအသက်မှာအကြီးဆုံးဖြစ်ပြီး (၅၆) နှစ်နှင့် (၅၄) နှစ်အသီးသီးရှိသည်ကိုတွေ့ရသည်။ ကျန်ရှိသော တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ပျှမ်းမျှအသက်မှာ (၅၁) နှစ် နှင့် (၅၃)နှစ်ကြားတို့ဖြစ်ကြသည်။ ယေဘူယျအားဖြင့်ကြည့်လျှင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှလွဲ၍ အခြားပြည်နယ်နှင့်တိုင်းဒေကြီးများတွင် အမျိုးသားလွှတ်တော်အမတ်များ၏အသက်မှာ ပိုကြီးသည်ကို တွေ့ရသည်။

# Age of Parliament Members

**Amyothar Hluttaw (upper house of Parliament):** There are 224 representatives in the Amyothar Hluttaw (upper house of Parliament) of which **168** representatives were elected in the 2015 general elections. The rest 56 are representatives from military appointed by Commander-in-Chief of the Defence Services.

**Pyithu Hluttaw (lower house of Parliament):** There are 433 representatives in the Pyithu Hluttaw. Although constituencies for the lower house are based on Myanmar's townships which are 330 in numbers, 7 townships were excluded due to armed insurgencies in Shan State namely Kyethi, Monghsu, Mongman, Pangsang, Pangwaun, Monglar and Narphan and therefore there are **323** MPs that were elected for the Pyithu Hluttaw (lower house of Parliament). The remaining seats (25%) are representatives from military (N=110).

**State and Region Hluttaws:** There are 850 representatives in the State and Region Hluttaw. For State and Region Hluttaw, constituencies are based on the number of townships in a given state/region, with each township divided into two constituencies. A representative was elected from each constituency that was formed, and there are **630** representatives in the State and Region Hluttaw. The number did not include 30 seats - 14 seats (2 each from 7 townships in Shan State with armed conflicts) and 16 seats (2 each from 8 Naypyitaw Council Townships). The Commander-in-Chief of the Defense Services appointed 220 military Members of Parliament to State/Region Hluttaw in order to make up one-third of the total seats.

**Ethnic Affairs Ministers:** A total of 29 Ethnic Affairs Ministers were elected during the 2015 elections. They were elected in states and regions where an ethnic community has a population equal to, or greater than, 0.1 percent of the national population of Myanmar.

**Eligibility for a candidate** – To be eligible for a candidate, a person must be - born by parents who are Myanmar citizens, a citizen of Myanmar that has resided in Myanmar for at least 10 consecutive years; being an eligible voter; and having parents that are citizens of Myanmar. For Amyothar Hluttaw, a candidate must be at least 30 years old and for Pyithu Hluttaw and State/Region Hluttaw, a candidate must be 25 years old on the date when he/she submits the application forms for the seat at Amyothar Hluttaw.

**Data Source:**

1)
http://www.ifes.org/sites/default/files/ifes_2015_myanmar_election_fact_sheet_final.pdf

2)
Union Election Commission (UEC) provided the demographic data of elected candidates to The Asia Foundation which supports the election and democratic governance of Myanmar. The Asia Foundation compiled and entered data in Excel in Myanmar language (Myanmar 3 font). EMReF received demographic data in Excel

format from The Asia Foundation in December 2015. Data set did not include representatives from Military.


3)
EMReF translated demographic data of MPs from Myanmar to English. Checking and cleaning of data were done in different steps. Data missing and inconsistencies were verified by the UEC.


**Data Preparation for analysis of age of MPs:**
Demographic data of MPs included date of birth, religion, ethnicity, place of residence, occupation, education, father's name, father's religion and ethnicity, mother's name and mother's religion and ethnicity.

Date of birth of MP was recoded into "Age as of 1st February 2016" when MPs took their offices at parliaments. Although different Hluttaws' representatives took offices on different dates in February, we took 1st February 2016 for consistency for all Hluttaws.

When calculating, data on ethnic affair ministers was calculated in State and Region MPs.

**Findings:**





In **Amyothar Hluttaw**, out of 168 elected MPs, average age was 53 years old with the youngest age was 30 and the oldest was 75. Majority of MPs (73%) were 46 years and above.

In **Pyithu Hluttaw**, mean age of MPs was 54 years old. Minimum age was 26 and the maximum age was 81. A little more than 50% of MPs were 55 years old or below and the rest (~50%) of MPs were above 55 years old.

In **State and Region Hluttaw**, mean age of MPs was 50 years old with the youngest age 26 years old and the oldest 74 years old. Nearly two-thirds (63%) of MPs were 46 years and above.




**All 3 Hluttaws:** Average age of MP was 51 years for all three Hluttaws (Male = 52 years and Female = 47 years). When compared, Chin State and Rakhine State had MPs with highest average age (56 years and 54 years old respectively). In the rest States and Regions, average age of MP was between 51 and 53 years old). Except Kachin State, Mon State and Tanintharyi Region, MPs from other Sates and Regions had male MPs older than female MPs.